


# မီချီဂန်ရှိ ကျန်းမာရေးအာမခံပေးသူများမှ လူနာများအတွက် ကုန်ကျစရိတ်ကျသင့်ခြင်းမရှိသော COVID-19 စစ်ဆေးခြင်း၊ ကုသခြင်းတို့ကို ၂၀၂၀ နှစ်ကုန်ပိုင်းအထိ ဖြည့်ဆည်းပေးရန် သဘောတူလိုက်ခြင်း

**မီဒီယာထံဆက်သွယ်ရန်-** Laura Hall၊ (517) 290-3779၊ halll17@michigan.gov
**အသုံးပြုသူဟော့လိုင်း-** 877-999-6442၊ DIFS-HICAP@michigan.gov

**ချက်ခြင်းထုတ်ပြန်ရန်-** စက်တင်ဘာလ ၁၈ ရက်၊ ၂၀၂၀

(LANSING၊ MICH) ပြည်နယ်အုပ်ချုပ်ရေးမှူး Gretchen Whitmer နှင့် မီချီဂန်ပြည်နယ်အာမခံနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများဌာန (DIFS) တို့သည် ပြည်နယ်အနေဖြင့် ပြည်နယ် ကျန်းမာရေးအာမခံပေးသူ အားလုံးနီးပါးထံမှ ပူးတွဲပေးချေမှု၊ နုတ်ယူမှုများ၊ နှင့် ပူးတွဲအာမခံတို့အပါအဝင် COVID-19 စစ်ဆေးခြင်းနှင့် ကုသခြင်းတို့အတွက် အိတ်စိုက်ကုန်ကျစရိတ်အားလုံးကို ၂၀၂၀ နှစ်ကုန်အထိ စွန့်လွှတ်ပေးရန် သဘောတူညီချက်ကို ရရှိထားကြောင်း ကြေညာခဲ့ပါသည်။ ထိုသဘောတူညီချက်များသည် မီချီဂန်ရှိ စီးပွားဖြစ် ကျန်းမာရေးအာမခံဈေးကွက်၏ ၉၂%  ကျော်ကို လွှမ်းခြုံထားပါသည်။

“ငွေကြေးဆိုင်ရာ ပူပန်မှုမရှိဘဲ သင့်လျော်တဲ့ စစ်ဆေးခြင်းနဲ့ ဆေးဘက်ဆိုင်ရာ ကုသမှုတို့ကို ရရှိကြောင်း သေချာစေဖို့က ဒီဗိုင်းရပ်စ်ကို တိုက်ထုတ်ရာမှာ အရေးကြီးတဲ့အပိုင်းဖြစ်ပါတယ်” လို့ ပြည်နယ်အုပ်ချုပ်ရေးမှူး Gretchen Whitmer က ပြောကြားခဲ့ပါသည်။ “ကျွန်မတို့အနေနဲ့ ဒီဗိုင်းရပ်စ်ပျံ့ပွားမှုကို နှေးကွေးအောင်လုပ်ပြီး လူတွေ ကျန်းမာနေစေဖို့ အချိန်တိုင်းနီးပါး ဆက်တိုက်လုပ်ဆောင်နေကြသလို၊ သူတို့ရဲ့အပိုင်းတွေမှာ လုပ်ဆောင်ပေးဖို့အတွက် ဆက်တိုက် ရှေ့ထွက်လာကြတဲ့  မီချီဂန်ရဲ့ ကျန်းမာရေးအာမခံပေးသူတွေကို ကျွန်မအနေနဲ့ ကျေးဇူးတင်မိပါတယ်။”

အနည်းဆုံး ယခုနှစ်ကုန်အထိတိုင်အောင်၊ အဆိုပါ တစ်ဦးချင်းနှင့် အဖွဲ့လိုက် ကျန်းမာရေးအစီအစဉ်များနှင့် ပတ်သက်သည့် အသုံးပြုသူများကို ကနဦး စောင့်ရှောက်မှုအတွက် လာရောက်မှုများ၊ ရောဂါခွဲခြားစစ်ဆေးခြင်း၊

အရေးပေါ်ခန်းသို့ လာရောက်မှုများ၊ ဆေးရုံကားဝန်ဆောင်မှုများ၊ နှင့် ရရှိနိုင်သည့်အခါ U.S. အစားအစာနှင့် ဆေးဝါး စီမံခန့်ခွဲရေးမှအတည်ပြုထားသော ဆေးဝါးများနှင့်ကာကွယ်ဆေးများကဲ့သို့သော ဆေးဘက်ဆိုင်ရာအရ သင့်လျော်သည့် COVID-19 နှင့်ဆက်စပ်သော ဆေးဘက်ဆိုင်ရာကုသမှုများအတွက် ကုန်ကျစရိတ်မျှဝေခြင်း ကို ကောက်ခံလိမ့်မည်မဟုတ်ပါ။

"နောက်တစ်ခေါက်ထပ်ပြီးတော့ ကျွန်မတို့ရဲ့ပြည်နယ်အုပ်ချုပ်ရေးမှူးက ဒီပြည်နယ်မှာ နေထိုင်သူတွေရဲ့ ကျန်းမာရေးကို ကာကွယ်ဖို့ ခိုင်မာတောင့်တင်းတဲ့ ဦးဆောင်မှုကို ပြသခဲ့ပြန်ပါပြီ" လို့ DIFS ဒါရိုက်တာ Anita Fox က ပြောကြားခဲ့ပါသည်။ "စစ်ဆေးခြင်းနဲ့ကုသမှုအတွက် ငွေကြေးဆိုင်ရာအခက်အခဲတွေကို ဖယ်ရှားခြင်းက မီချီဂန်မှာနေထိုင်သူတွေအနေနဲ့ COVID-19 နဲ့ဆက်စပ်တဲ့ ဆေးဘက်ဆိုင်ရာငွေတောင်းခံမှုတွေကို ဘယ်လိုပေးရမလဲဆိုတာ စိတ်ပူနေရမယ့်အစား သင့်လျော်တဲ့စောင့်ရှောက်မှုရယူဖို့ကို အာရုံစိုက်နိုင်စေဖို့ သေချာစေပါလိမ့်မယ်။"

**ကုန်ကျစရိတ်မျှဝေခြင်းကို စွန့်လွှတ်ရန် သဘောတူထားသည့် အာမခံပေးသူများမှာ-**

- Aetna Better Health of Michigan
- Blue Cross Blue Shield of Michigan၊ Blue Care Network
- HAP ၊ Alliance Health
- Humana
- McLaren Health Plan
- Meridian Health Plan
- Molina Healthcare Michigan
- Paramount Care of Michigan
- Physicians Health Plan (PHP)
- Priority Health ၊ Priority Health Insurance Co.
- Total Health Care

စွန့်လွှတ်လိုက်သော ကုန်ကျစရိတ်မျှဝေခြင်းသည် ပြည်နယ်သဘောတူညီချက်တွင် အမည်ဖော်ပြထားသော အာမခံပေးသူများထံမှ စီးပွားဖြစ် ကျန်းမာရေးအာမခံလုပ်ဆောင်ချက်များနှင့် သက်ဆိုင်ပါသည်။ COVID-19 စစ်ဆေးခြင်း သို့မဟုတ် ကုသမှုလုပ်ဆောင်ရန် ရှာဖွေနေသည့် အသုံးပြုသူသည် ၎င်းတို့၏အကျုံးဝင်မှုနှင့် ပတ်သက်၍သိရှိရန် ၎င်းတို့၏အာမခံကုမ္ပဏီထံ ဆက်သွယ်သင့်ပါသည်။ COVID-19 စစ်ဆေးခြင်း သို့မဟုတ် ကုသခြင်းအတွက် ငွေပေးချေထားသော သို့မဟုတ် ငွေတောင်းခံလွှာ လက်ခံရရှိထားသော အာမခံလုပ်ထားသည့် အသုံးပြုသူများသည် အကူအညီအတွက် ၎င်းတို့၏အာမခံကုမ္ပဏီထံ ဆက်သွယ်သင့်ပါသည်။

မိသားစုများကိုဦးစားပေးသော ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တုံ့ပြန်လုပ်ဆောင်မှု U.S. အက်ဥပဒေအောက်တွင်၊ လက်ရှိ၌ ပြည်နယ်သဘောတူညီချက်တွင် အမည်ဖော်ပြထားခြင်းမရှိသော Oscar ၊ UnitedHealthcare နှင့် အခြားသော အာမခံပေးသူများမှတဆင့် ကျန်းမာရေးအာမခံရှိထားသော အသုံးပြုသူများသည် လက်ရှိတွင် အောက်တိုဘာလနှောင်းပိုင်းတွင်သက်တမ်းကုန်မည်ဟု သတ်မှတ်ထားသော ဖက်ဒရယ်အများပြည်သူ ကျန်းမာရေးဆိုင်ရာအရေးပေါ်အခြေအနေအတောအတွင်း အိတ်စိုက်ကုန်ကျစရိတ်များမပါရှိဘဲ COVID-19 အတွက် အကျုံးဝင်မှု ရှိထားပါသည်။ ထိုအာမခံပေးသူများသည် အိတ်စိုက်ကုန်ကျစရိတ်များမရှိသည့် ၎င်းတို့၏အကျုံးဝင်မှုကို အချိန်ထပ်တိုးပေးနိုင်သောကြောင့် အသုံးပြုသူများသည် COVID-19 စစ်ဆေးခြင်း သို့မဟုတ် ကုသမှုအတွက် ကုန်ကျစရိတ်မကျသင့်မီတွင် ၎င်းတို့၏အကျုံးဝင်မှုနှင့်ပတ်သက်၍မေးမြန်းရန် ၎င်းတို့၏အေးဂျင့်ထံ ဆက်သွယ်သင့်ပါသည် သို့မဟုတ် ၎င်းတို့၏ ကတ်နောက်ကျောရှိ နံပါတ်ထံ ဖုန်းခေါ်ဆိုသင့်ပါသည်။ ဖက်ဒရယ်ဥပဒေအရ၊ Medicaid သို့မဟုတ် Medicare နှင့်ပတ်သက်သော အသုံးပြုသူများ သည်လည်း ကျန်းမာရေးစောင့်ရှောက်မှုဖြည့်ဆည်းပေးသူမှ ဝန်ဆောင်မှုပေးသည့် ကုန်ကျစရိတ်မရှိသော COVID-19 စစ်ဆေးမှုနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လက်ခံရရှိနိုင်ပါသည်။

DIFS သည် အသုံးပြုသူများကို ကျန်းမာရေးအာမခံဆိုင်ရာ မေးမြန်းမှုများ၊ တိုင်ကြားမှုများနှင့်ပတ်သက်၍ ကူညီပေးနိုင်ပါသည်။ ထို့အပြင် မီချီဂန်ကျန်းမာရေးအာမခံ အသုံးပြုသူဆိုင်ရာ အကူအညီပရိုဂရမ် (HICAP) သည် အသုံးပြုမှုဆိုင်ရာအကြံဉာဏ်များကို ပြောပြပေးနိုင်ပြီး အလုပ်ဆုံးရှုံးမှု သို့မဟုတ် ဝင်ငွေ လျှော့ချမှုတို့ကို တွေ့ကြုံနေရသူများအတွက် အထူး စာရင်းသွင်းကာလများပါဝင်သည့် ကျန်းမာရေးအာမခံနှင့် ပတ်သက်သည့် မေးခွန်းများကို ဖြေကြားရန် ကူညီပေးနိုင်ပါသည်။ DIFS ထံ တနင်္လာနေ့မှသောကြာနေ့အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း 877-999-6442 သို့မဟုတ် DIFS-HICAP@michigan.gov သို့ ဆက်သွယ်ပါ။

မီချီဂန် အာမခံနှင့်ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများဌာန၏တာဝန်မှာ နယ်ပယ်နှစ်ခုစလုံးရှိ စီးပွားရေး တိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းကာ မီချီဂန်တွင်နေထိုင်သူများ၏ အခွင့်အရေး၊ လုံခြုံရေး နှင့် အောင်မြင်မှုတို့အတွက်အခြေခံကျသည့် ဘေးကင်းလုံခြုံသော အာမခံနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်မှုကို သေချာစေရန်ဖြစ်ပါသည်။ ထို့အပြင် ဌာနသည် မီချီဂန်တွင်နေထိုင်သူများအား အသုံးပြုသူကာကွယ်မှု၊ ကမ်းလင့်ထောက်ကူမှု နှင့် ငွေကြေးဆိုင်ရာ အသိပညာပေးသည့် ဝန်ဆောင်မှုများကို ဖြည့်ဆည်း ပေးပါသည်။ ပိုမိုသောအချက်အလက်များသိရှိနိုင်ရန်အတွက် www.michigan.gov/difs သို့ သွားရောက်ပါ သို့မဟုတ် Facebook ၊ Twitter သို့မဟုတ် LinkedIn တို့တွင် ဌာနကို Follow လုပ်ထားပေးပါ။

####